မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျန်းမာရေးကုသမှုခံယူသူ ပြည်သူလူထုကို တာဝန်အပြင် စေတနာဖြင့် စောင့်ရှောက်ပြုစုကုသ ကျန်းမာရေးပညာဗဟုသုတ တစ်ဆက်တည်းပေးနိုင်အောင် နည်းလမ်းများ ရှာကြံဆောင်ရွက်

နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများအတိုင်း ကြိုးစားအကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ ယနေ့ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံရခြင်း၏ ရည်ရွယ်ချက်များအနက် နံပါတ် (၁) ရည်ရွယ်ချက်မှာ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို သိရှိနိုင်ရန်နှင့် ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအရ ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အထက်ပိုင်း)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အောက်ပိုင်း)နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနဟူ၍ ဖွဲ့စည်းထားသည်ကို တွေ့ရှိရကြောင်း။

ဖွင့်လှစ်ထား

ဦးစီးဌာန ခုနစ်ခုထဲမှ ကျန်းမာရေးဦးစီးဌာနကိုကြည့်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနများ၏အောက်တွင် ကုသရေးဆိုင်ရာဆေးရုံ အကြီးအငယ် မြောက်မြားစွာ ဖွဲ့စည်းဖွင့်လှစ်ထားသည်ကို တွေ့ရှိရပြီး ကုသရေးလုပ်ငန်းများအပြင် မြို့နယ်အဆင့် ရောဂါကာကွယ်ရေးလုပ်ငန်းများလည်း တစ်ကြိမ်တည်း လုပ်ဆောင်နေရသည့်အတွက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော မြို့နယ်ရှိသကဲ့သို့ ကျေပွန်စွာ မထမ်းဆောင်နိုင်သော မြို့နယ်များလည်းရှိကြောင်း၊ မြို့နယ်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများလည်း အလားတူ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးနေရသည့်အတွက် လုပ်ငန်းတာဝန်များ လွန်စွာများပြားနေသည်ကို တွေ့ရကြောင်း။

ပြုပြင်ဆောင်ရွက်

ကျန်းမာရေးကုသမှုအပိုင်းတွင် ဖွင့်လှစ်ပြီးဆေးရုံ ကြီး/ငယ် ၉၂၉ ရုံသည် ကျန်းမာရေးဝန်ကြီးဌာနအတွက် နာမည်ကောင်းရအောင် ဆောင်ရွက်နိုင်သကဲ့သို့ နာမည်ပျက်စေနိုင်ခြင်းများလည်း *စာမျက်နှာ ၈ ကော်လံ ၁* ❖

အမှာစကား ပြောကြား

ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၇ ရက်)

သစ်တောသစ်ပင် အရှည်တည်တံ့ရေး ဝိုင်းဝန်းပါဝင်ထိန်းသိမ်း

သစ်တောသစ်ပင်များသည် သဘာဝရာသီဥတုကို မျှတစေရန် ဖန်တီးပေးလျက်ရှိသည်။ သစ်တောသစ်ပင်များ ပြုန်းတီးပါက သဘာဝရာသီဥတုများလွန်ကဲပြီး အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးခေါင်ခြင်း စသည်တို့ ဖြစ်ပေါ်လေ့ရှိသည်။

သစ်တောများသည် လူသားများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေး၊ ရေမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ ဇီဝမျိုးစုံထိန်းသိမ်းရေးနှင့် စားနပ်ရိက္ခာဖူလုံကြွယ်ဝရေးအစရှိသည့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များအတွက် များစွာအရေးပါလျက်ရှိသည်။

သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ရှေးယခင်အဆက်ဆက်ကတည်းက ဆောင်ရွက်ခဲ့ကြသော်လည်း တစ်ဖက်တွင် တိုးပွားလာသည့် လူဦးရေအတွက် လိုအပ်သော လူ့အသုံးအဆောင်နှင့် စားနပ်ရိက္ခာကို ဖြည့်ဆည်းခဲ့ကြသဖြင့် သစ်တောများ လျော့နည်းပြုန်းတီးပြီး သစ်တောမြေများ လျော့နည်းလာခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ ခုနှစ်တွင် ၅၉ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းနှင့် ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။

သစ်တောသစ်ပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာတွင် ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အလွန်အကျွံ မှီခိုအားထားထုတ်ယူသုံးစွဲမှုများ လျော့နည်းသွားစေရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် အမျိုးသားသဘာဝနယ်မြေများ သတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်း စသည်တို့ဖြင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းခြင်းအပြင် ပညာပေးစည်းရုံးဆောင်ရွက်ခြင်းဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းလုံး သစ်ပင်စိုက်ပျိုးရေးကာလဖြစ်သည့် ဇူလိုင်လအတွင်း ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်မျိုးစုံကို စိုက်ပျိုးလျက်ရှိရာ မိမိဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ အရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနား လက်ပံတောကျေးရွာ၌ ကျင်းပ

ယင်းမာပင် ဇူလိုင် ၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ် လက်ပံတောကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်းခွဲဖွင့်ပွဲကို အဆိုပါကျောင်းရှေ့၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငြိမ်းချမ်းမြင့်၊ ကျောင်းအုပ်ဆရာမ ဒေါ်အေးအေးဆင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

<u>**ပြောကြား**</u>

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငြိမ်းချမ်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်တင်တို့ အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးယွန်းကြီးအင်း ဘောမဲ့သစ်တောကြိုးဝိုင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ဝေါ ဇူလိုင် ၆

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မိုးယွန်းကြီးအင်း ဘောမဲ့သစ်တောကြိုးဝိုင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ဝေါမြို့ မိုးယွန်းကြီးအင်း ဘောမဲ့သစ်တောကြိုးဝိုင်းအတွင်း ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး၊ ဝေါမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အင်းလုပ်ကိုင်သူများက စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ငါးမြစ်ချင်း ငါးသားပေါက် (ငါးသန်)ကောင်ရေ စုစုပေါင်း ၁၀ သိန်းကို ငါးမျိုးများ စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ကျောက်ထုမြို့နယ်၌ ရေမြောင်းတူးဖော်

ကျောက်ထု ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းသူရနှင့်အဖွဲ့ဝန်ထမ်းများ အထက ကျောင်းရှေ့ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံ ဦးညဏ်ဦး ဇွန် ၂၈ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးခြင်းကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ခိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပွင့်ဖြူ၌ ကျင်းပ

ပွင့်ဖြူ ဇူလိုင် ၆

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇွန် ၂၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေး၊ မြို့နယ်ပညာရေးမှူး ဦးချစ်ဆွေနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပွင့်ဖြူမြို့ အထကကျောင်းအုပ်ဆရာကြီး ဦးဩနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နှစ်ရှည်ပင်၊ အရိပ်ရပင်နှင့် ပန်းအလှပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာပေးဟောပြော

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက်က ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်း ဆွေးနွေးဟောပြောစဉ်။

(ဝ၅၁)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကနေဒါသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ရွန်ဟော့ဖ်မန်းသည် ယမန်နေ့ညနေ ၅ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍**(ယာပုံ)** မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကျေးရွာပိုင်သစ်တောစိုက်ခင်းများ ထူထောင်ရေး ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာရန်စည်းရုံး

နေပြည်တော် ဇူလိုင် ၆

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၉၆/၇) အနီးရှိ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန သမင်ပျို ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး လမ်းဘေးဝဲယာရှိ ယူကလစ်စမ်းသပ် စိုက်ခင်း၊ ၂၀၁၀ ခုနှစ် ဆက်သွယ်ရေးလမ်းမကြီး လမ်းဘေးဝဲယာ ကျွန်းတစ်အုပ်တစ်မ စိုက်ကွက် ကျွန်းအပင် ၆၀၀ စိုက်ပျိုးထားရှိမှု၊ အမှတ်(၃) ခရိုင်ချင်းဆက် လမ်းဘေးဝဲယာရှိ စစ်ကိုင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနပိုင် ၂၀၁၀ ခုနှစ် ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ နှင့် ၁/၂၀၁၁ အခြားစိုက်ခင်းဧက ၄၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီး မိုင်တိုင် (၃/၆) လမ်းဘေးဝဲယာ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပါဝင်စိုက်ပျိုးပေးခဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အရာထမ်းများအား တွေ့ဆုံကာ အမှာစကား ပြောကြားခဲ့သည်။

ထို့မှတစ်ဆင့် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန သင်တန်းကျောင်းခွဲ CFDTC (ပုသိမ်ကြီး) သို့ ရောက်ရှိပြီး သင်တန်းကျောင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၅ ရက်တွင် မန္တလေး-လားရှိုးလမ်းရှိ ပြင်ဦးလွင်ခရိုင် ဒိုးကွင်ကျေးရွာရှိ သစ်တောဦးစီးဌာန ဒိုးကွင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ဆေးဖက်ဝင် မြန်မာ့မျိုးရင်း သစ်ခွများ ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ၂၀၁၁-၂၀၁၂ တစ်ရွာတစ်ဧက ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

စည်းရုံးဆောင်ရွက်

ယင်းနောက် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ ထမင်းစားဆောင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ ကျွန်းရတနာခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ နည်းပြသင်တန်းဆရာများနှင့် သင်တန်းသားများအား တွေ့ဆုံပြီး သစ်တောဝန်ထမ်းများ အနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းကောင်းများအဖြစ် ကျင့်ကြံအားထုတ်၍ ကြိုးပမ်းဆောင်ရွက်ရန်၊ ကျေးလက်ပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်တောသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲရေးနှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်းများ ထူထောင်ရေး လုပ်ငန်းများကို ပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်လာရေးအတွက် စည်းရုံး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အလေးထား

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး သည် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ခွဥယျာဉ်၊ လိပ်ပြာရုပ်ကြွင်းပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ သန့်ရှင်းသာယာ လှပရေး တို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ကျောက်မဲခရိုင် သစ်တောဦးစီးဌာန ဇီးပင်သစ်တောစိုက်ခင်းသို့ ရောက်ရှိပြီး ၃/၁၁ စီးပွားရေး ကျွန်းစိုက်ခင်းဧက ၅၀၊ စီးပွားရေးပိတောက် စိုက်ခင်း ဧက ၅၀ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မနေဖြူမြို့၌ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဇူလိုင် ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက မနေဖြူမြို့ အမှတ်(၁၇)ရပ်ကွက်ရှိ အမှတ်(၁၂) လှေဆိပ် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်နှင့် ကဥ္စနကျွန်းသာ (Gold Delta) ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် မနေဖြူမြို့နယ် တမြာကျေးရွာရှိ မနတံခွန်(၁) လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစိုက်ပျိုးမည့် အဆင့်မြင့်လယ်ယာ ၁၀၄ ဧက ဖော်ထုတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလမျိုးကျေးရွာရှိ မနတံခွန်(၂) လယ်ယာကုန်ထုတ်အသင်း၏ မိုးစပါးစိုက်ပျိုးရန် အဆင့်မြင့်လယ်ယာ ၄၂ ဧကအား စက်ယန္တရားများဖြင့် ထွန်ယက်ဖော်ထုတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည့်နေရာများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စစ်ဆေး

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားဝန်ကြီးဌာန နေပြည်တော် အမှတ်(၁)ဘောလုံးကွင်းသို့ ရောက်ရှိပြီး ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲများ ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘောလုံးကွင်း၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် ကွင်းအဆင့်မြှင့်တင်ရေး၊ ဖွင့်ပွဲပိတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ လုံခြုံရေးနှင့်ပြိုင်ပွဲဝင်အသင်းများ စည်းကမ်းတကျ ပါဝင်ယှဉ်ပြိုင်ရေးများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို မှာကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမည့် နေပြည်တော်အမှတ်(၂) ဘောလုံးကွင်း ပြင်ဆင်ဆောင်ရွက်နေမှု များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆွေးနွေး

တပ်ကုန်း ဇူလိုင် ၆

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ နှင့် ဦးမြင့်ဆွေတို့သည် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် တာဝန်ရှိသူများ၊ အမှတ်(၁) နှင့် (၂) မွေးမြူရေးဇုန်တို့တွင် လုပ်ကိုင်လျက်ရှိသော တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးမြင့်ရွှေနှင့် ဦးမြင့်ဆွေ တို့သည် အမှတ် (၁) မွေးမြူရေးဇုန် (ကံကြီး)နှင့် အမှတ်(၂) မွေးမြူရေးဇုန် (သပြေချောင်း)သို့ သွားရောက်ပြီး မွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝ၂၁)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ နဝရတ်ခန်းမ၌ ဇွန် ၂၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ဓာတ်ပုံနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကျုံမငေး မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

ကျုံမငေးမြို့နယ်အသင်း (ရန်ကုန်) ၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အသင်းသားအသင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ ဒုတိယဥက္ကဋ္ဌ ဦးဦးမြင့် ဖုန်း-၀၉-၅၁၆၄၄၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် ဖုန်း-၀၉-၄၉၂၆၈၇၂၂၊ အတွင်းရေးမှူး ဦးသန်းနိုင် ဖုန်း-၀၉-၅၁၁၈၆၄၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆၊ အသင်းတိုက်မှူး ဦးကျင်ထွေး ဖုန်း-၂၂၇၅၅၁ တို့ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံလယ်ယာကဏ္ဍသုတေသနလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေး ဗဟိုသုတေသနဌာန (Agriculture Research Centre) တည်ဆောက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအကျဉ်းထောင်အချို့၌ ICRC ၏ ပံ့ပိုးကူညီမှုဖြင့် မီး၊ ရေနှင့် မိလ္လာဆိုင်ရာ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ကွင်းဆင်းလေ့လာ

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်အစိုးရသည် အကျဉ်းထောင်ဆိုင်ရာ ကိစ္စရပ်များ၌ ICRC နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ICRC အဖွဲ့မှ Water and habitat Engineer ဆွစ်ဇာလန်နိုင်ငံသား Mr. Eric Weissen နှင့် ကွင်းဆင်းအရာရှိနှစ်ဦးအား ဇူလိုင် ၁ ရက်တွင် မော်လမြိုင်အကျဉ်းထောင်သို့ ဝင်ရောက်လေ့လာခွင့်ပြုခဲ့သည်။ ICRC အဖွဲ့သည် အကျဉ်းသား /အကျဉ်းသူများ အသုံးပြုရန် စက်ရေတွင်းတူးဖော်မည့် နေရာ၊ လက်ရှိတူးဖော်ထားရှိသော စက်ရေတွင်းနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ အကျဉ်းသား အိပ်ဆောင်နှင့်တွဲလျက် အိမ်သာဆောက်လုပ်ပေးရန်နှင့် မိလ္လာကန်တည်ဆောက်မည့် အခြေအနေများကို လေ့လာကြည့်ရှုခဲ့သည်။

ထိုသို့ လေ့လာကြည့်ရှုရာတွင် အကျဉ်းဦးစီးဌာန (မွန်၊ ကရင်) ညွှန်ကြားရေးမှူး ဦးစိုးစိုးဇော်၊ ထောင်တာဝန်ခံအရာရှိနှင့် အကျဉ်းဦးစီးဌာနမှ အင်ဂျင်နီယာများက သိလိုသည့်အချက်အလက်များကို လိုက်လံရှင်းလင်းပြသခဲ့သည်။

ICRC အဖွဲ့၏ မြောင်းမြ၊ ဘားအံနှင့် မော်လမြိုင်အကျဉ်းထောင် သုံးခုတွင် ကနဦး လေ့လာချက်များအရ ရေပေးဝေခြင်းနှင့်လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိပါက ရေသိုလှောင်ရာ နေရာများသို့ ရေစုပ်တင်မှုနှင့် အကျဉ်းထောင်အတွင်း နေရာအသီးသီးသို့ ရေဖြန့်ဖြူးပေးမှုတွင် ဖြစ်ပေါ်နိုင်သော အခက်အခဲ၊ ရေသိုလှောင်ရာ နေရာများအား အကြီးစား အဆင့်မြှင့်ပြင်ဆင်မှုပြုလုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ရှုထောင့်တို့မှ ကြည့်ရှုပြီး နေရောင်ခြည်စွမ်းအင်သုံး ရေတင်သည့်စနစ်အား တပ်ဆင်ရေးနှင့် ပတ်သက်၍ အဆိုပြု တင်ပြညှိနှိုင်းလာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် ပေါင်းစပ်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **နိဗ္ဗာန်ဆု** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
- ၆:၄၀ သုဒဿနတောင်ပေါ်မှလေးဆူဓာတ်ပျော် **ပြည်ရွှေဆံတော်**
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၅)
- ၈:၅၀ 7 Diamonds Live Show (Part-4)
- ၉:၄၀ (၇)နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ တွံတေးမြို့နယ်)
- ၁၀:၁၀ အမွန်မြတ်ဆုံးဖြင့် ကုသိုလ်ယူ… မြိုင်မြို့မှတရားအလှူ
- ၁၀:၂၀ လေးတောင်တိုက်နယ်တွင် တည်ထားပူဇော်သည့် အေးချမ်းသာယာစေတီတော် ထီးတော်တင်မင်္ဂလာအခမ်းအနား
- ၁၀:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၀၅ The Champion of Dance
- ၁၁:၅၀ Activities in the City (စွင့်ချိုင်သင်တန်းကျောင်း (၅)နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုပွဲ)
- ၁၂:၀၅ IBTC ၏ စေတနာကျောင်းများ (သကံရှမ်းကွင်းကျေးရွာနှင့်ဖျာပုံမြို့)
- ၁၂:၂၅ မြန်မာ့အလင်းဦးတင်အထိမ်းအမှတ် **နှင်းဆီမြိုင်ဂေဟာ**
- ၁၂:၄၀ ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်ကျင်းပရာ… မင်းကွန်းမြေမှာ
- ၁:၀၀ **နိဗ္ဗာန်ဆု** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၇)
- ၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၁၁၅)
- ၄:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အပြင်းစားကြီးဂေါ်** ဗီဒီယိုရိုက်ကွင်း
- ၅:၂၀ Shinsung Co.,Ltd. နှင့် Yangtzekiang Co.,Ltd. တို့ ပူးပေါင်းကျင်းပသည့် ပျော်ရွှင်ပွဲ အမှတ်တရ
- ၅:၃၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အကယ်ဒမီများရင်ဝါဝါဝင်းရွှေ) (အပိုင်း-၁)
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၈)
- ၇:၂၅ 7 Diamonds Live Show (Part-5)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ **သက်တံရောင်ကောင်းကင်သစ်** အကယ်ဒမီရဲအောင်၊ အကယ်ဒမီမို့မို့မြင့်အောင်၊မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-မီးပွား)
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (ဇာတ်သိမ်းပိုင်း)
- ၁၀:၂၀ စကားနပန်း **(မိန်းကလေးဖြစ်တာကောင်းတယ်၊ မိန်းကလေးမဖြစ်တာကောင်းတယ်)**
- ၁၁:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၁၁:၅၅ 3 D ကျွဲကော
- ၁၂:၁၀ အားကစားမြင်ကွင်းစုံ
- ၁၂:၃၅ အနုပညာမိုးကောင်းကင်
- ၁၂:၅၅ ဂီတသရုပ်ပြခန်း မင်းထက်မောင်မောင်ရဲ့ **ဖွင့်ပြောပြီ** တေးစီးရီး
- ၁:၁၅ ဘဝများ [ခင်စန်းဝင်း(မိတ်ကပ်)]
- ၁:၄၀ တေးဂီတအစီအစဉ်
- ၂:၀၀ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၂:၂၅ မေတ္တာနန္ဒမှသည် မိဘမဲ့ကလေးငယ်များဆီသို့
- ၂:၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ လှပသက်ဝင် ဖော့ပန်းပုရုပ်သွင်
- ၄:၂၀ လယ်တီသာသနာ၊ လယ်တီကျောက်စာ
- ၄:၅၀ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မန္တလေးဆေးရုံကြီး၌ အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၆

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ အသုံးပြုရန်အတွက် ဦးအေးမောင်-ဒေါ်နီနီ စိန်စပယ်ဖူး မိသားစု(မန္တလေး)က တန်ဖိုးငွေကျပ် ၁၃သိန်း တန်ဖိုးရှိ Biocare Patient Mornitor တစ်လုံးနှင့် ဦးမောင်လေး-ဒေါ်ပေါရီ စိတ်ကြိုက်ရွှေဆိုင်မိသားစုက တန်ဖိုးငွေကျပ် ၁၃ သိန်း တန်ဖိုးရှိ Biocare Patient Mornitor တစ်လုံးတို့ကို ယနေ့ နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ကျိုင်းတုံ)က ဦးစီးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက်က ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(ကျိုင်းတုံ)မှ စစ်ဆေးရေးမှူး-၂ ဦးအောင်မိုး ဟောပြောစဉ်။ (ကညန)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ IFRS for SMEs ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဩဂုတ် ၁၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ Mr.Reza Ali, Head of Emerging Markets-Asia, ACCA က ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်လက်မှတ် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးငွေကျပ် ၁၂၀၀၀ ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၂၁၄၆၅၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်၌မီးလောင်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီးတောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် စစ်ကိုင်း ၂၉လမ်းရှိ နေအိမ်တစ်အိမ်မှစ၍ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်တွင် မီးစတင်လောင်ကျွမ်းရာ နှစ်ထပ်အိမ် နှစ်လုံး အပါအဝင် အိမ်သုံးလုံး မီးလောင်ကျွမ်းခြင်းခံရပြီး နံနက် ၄နာရီ ၁၀ မိနစ်တွင် မီးလုံးဝငြိမ်းသွားသည်။

ဖွင့်လှစ်ထား

အဆိုပါမီးလောင်မှုကြောင့် နေအိမ်သုံးလုံး၊ အိမ်ထောင်စုလေးစု၊ လူဦးရေ ၁၄ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ကြပြီး အနီးရှိမြသိန်းတန်ဓမ္မာရုံတွင် ယာယီမီးဘေးဒုက္ခသည်စခန်းအဖြစ် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အချိန်မီရောက်ရှိ

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင် ဦးဆောင်၍ တောင်ဥက္ကလာပမြို့နယ်မှ မီးသတ်ကားများ အပါအဝင် မီးသတ်ကား ၂၀ စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး အချိန်မီရောက်ရှိ ငြိမ်းသတ်နိုင်သဖြင့် အချိန်အနည်းငယ်အတွင်း မီးငြိမ်းသွားခြင်းဖြစ်သည်။

အဆိုပါ မီးလောင်ရာသို့ တောင်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၀၄)

မီး အစဉ်သတိပြုကာကွယ်

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကုန်သွယ်လယ်ယာဓမ္မာရုံ ကြားတောရလမ်း ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးစန်းလွင် ဖုန်း ၅၃၀၀၅၈၊ ဦးမောင်မောင်လင်း ဖုန်း ၀၉-၈၆၁၄၀၁၂ နှင့် ဦးခင်ထွန်း ဖုန်း ၀၉-၇၃၀၀၁၅၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

7-7 (04).pmd 1 7/7/2011, 3:31 AM

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား UNFPA မှ အာရှ-ပစိဖိတ် ညွှန်မှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibe နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရေးဆွဲဆောင်ရွက်မည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး UNFPA မှ ပံ့ပိုးကူညီပေးမည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးစိန်အေးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချီးမြှင့်ပေးအပ်

ကဝမြို့နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၆ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က လေးဘာသာ ဂုဏ်ထူးရှင် မောင်အောင်မိုးကျော် (အထက-ကဝ)အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ဇူလိုင် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

ပိုစတာပြိုင်ပွဲ အဆင့်(၁) အသက် ၆-၈ နှစ် အတန်းတွင် ပထမဆု မဆုရည်မွန်မြင့် တတိယတန်း အမက(၃) မူလွန်ဗဟန်း၊ ဒုတိယဆု မောင်ဖြိုးဝင်းသော် တတိယတန်း အထက (၁) မြိတ်၊ တတိယဆု မောင်ကောင်းခန့်ဇော် တတိယတန်း အထက (၂) ကမာရွတ်၊ အထူးဆု-၁ မနော်ဆာကညောစိန်ဒွေး တတိယတန်း အထက (၁) လမ်းမတော်၊ အထူးဆု-၂ မောင်ချမ်းမြေ့အောင် စတုတ္ထတန်း အမက (၂၉) တောင်ဥက္ကလာပ၊ အထူးဆု-၃ မောင်ကောင်းစည်သူ တတိယတန်း အထက (၄) တောင်ကြီး၊ အထူးဆု-၄ မောင်မြင့်မိုးအောင် တတိယတန်း အမက (၂၀) ပုသိမ်၊ အထူးဆု-၅ မောင်ရဲသီဟ ဒုတိယတန်း အမက (၁) မြို့မပျဉ်းမနား တို့က ရရှိကြသည်။

အဆင့် (၂) အသက် ၉-၁၂ နှစ် အတန်းတွင် ပထမဆု မောင်ကောင်းဇော်ဟိန်း စတုတ္ထတန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဒုတိယဆု မဟန်နီစိုး ပဥ္စမတန်း အထက (၁) ကျောက်တံတား၊ တတိယဆု မခင်စန္ဒီဇော် ပဥ္စမတန်း အထက (၁) ပျဉ်းမနား၊ အထူးဆု-၁ မကေဇင်ဝတ်ရည် ပဥ္စမတန်း အထက (၂) ကမာရွတ်၊ အထူးဆု-၂ မောင်ကောင်းဆက်လွင် စတုတ္ထတန်း အထက(၁) ဒဂုံ၊ အထူးဆု-၃ မဆုစန္ဒီထက် ဆဋ္ဌမတန်း အထက(၁) မြိတ်၊ အထူးဆု-၄ မနှင်းထက်ထက်နိုင်ဝင့် ဆဋ္ဌမတန်း အထက (၄) တာမွေ၊ အထူးဆု-၅ မအေးချမ်းစုနိုင် သတ္တမတန်း အထက(၁) လှိုင်ကော်တို့က ရရှိကြသည်။

အဆင့် (၃) အသက် ၁၃-၁၅ နှစ် အတန်းတွင် ပထမဆု မောင်ကျော်စိုးဟန် အဋ္ဌမတန်း အထက (၃) ပဲခူး(အရှေ့)၊ ဒုတိယဆု မယဉ်လက်သက်ဝေ နဝမတန်း အထက (၁) ကျောက်တံတား၊ တတိယဆု မောင်ညဏ်လင်းထက်နိုင် အဋ္ဌမတန်း ပညာရေးတက္ကသိုလ် ကမာရွတ်(TTC)၊ အထူးဆု-၁ မခိုင်မေသူ နဝမတန်း အထက (၂)ဗဟန်း၊ အထူးဆု-၂ မောင်နိုင်လင်း နဝမတန်း အထက(၃) တောင်ကြီး၊ အထူးဆု-၃ မောင်သူရပိုင်စိုး နဝမတန်း အထက(၆) ပုသိမ်၊ အထူးဆု-၄ မကေသီဦး နဝမတန်း အထက(၁) မကွေး၊ အထူးဆု-၅မောင်ကျော်ရဲလင်း အဋ္ဌမတန်း အထက(၂) သံဖြူဇရပ်တို့က ရရှိကြသည်။

အဆင့်(၄) အသက် ၁၆-၁၈ နှစ် တန်းတွင် ပထမဆု မောင်စည်သူအောင် ပထမနှစ် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဒုတိယဆု မပွင့်မြတ်သူ ပထမနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ တတိယဆု မောင်ကောင်းထက်ကျော် တက္ကသိုလ်ဝင်တန်းအောင် အထက(၅) တာမွေ၊ အထူးဆု-၁ မောင်အောင်ပိုင်စိုး ဥဿာမြို့သစ် ပဲခူး (အရှေ့)၊ အထူးဆု-၂ မအေးမြတ်သူ ပထမနှစ်(အင်္ဂလိပ်) ဒဂုံတက္ကသိုလ်၊ အထူးဆု-၃ မောင်အောင်ဇော်မင်း ဒသမတန်း အထက(၁) တောင်ကြီး၊ အထူးဆု-၄ မောင်ကျော်စင်သန့် ဒုတိယနှစ် (ဗိသုကာ) နည်းပညာတက္ကသိုလ် တောင်ကြီး၊ အထူးဆု-၅ မောင်မင်းသုဇေယံ တက္ကသိုလ်ဝင်တန်းအောင် အထက(၁) မုံရွာ တို့က ရရှိကြသည်။

အဆင့်(၅) အလွတ်တန်းတွင် ပထမဆု သဇင်စိုးမြင့် တာမွေ၊ ဒုတိယဆု ဦးချစ်ဟန်(ခ) နေလှိုင်း မော်လမြိုင်၊ တတိယဆု ဝင်းဝင်း ပဲခူး၊ အထူးဆု-၁ ဒေါ်ခင်မျိုးမြင့်ရွှေ မန္တလေး၊ အထူးဆု-၂ ဖိုးသက် (ပန်းချီ) နေပြည်တော်၊ အထူးဆု-၃ မောင်ဝင်းမြတ်သူ တောင်ဥက္ကလာ၊ အထူးဆု-၄ ဦးသက်နောင် ပုသိမ်၊ အထူးဆု-၅ ဦးဇာနည်ထွန်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) တို့က ရရှိကြသည်။

(ဆက်လက်ဖော်ပြပါမည်)

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

အီရတ်နိုင်ငံ တာဂျီ မြို့တွင်း ဗုံးနှစ်လုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် တာဂျီမြို့ရှိ အစိုးရမြူနီစပယ်အဆောက်အအုံ၏ကားရပ်နားရာနေရာတွင် ဇူလိုင် ၅ ရက်က ဗုံးပေါက်ကွဲမှုနှစ်ခုကြောင့် အနည်းဆုံး ၂၇ ဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။(ယာပုံ)

တာဂျီမြို့သည် ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၀ အကွာတွင်ရှိသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၅ ရက်က ဗုံးခွဲမှု၊ သေနတ်ဖြင့်ပစ်ခတ်မှုတို့ကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့သည်။ အီရတ်တွင် အရပ်သားများသေဆုံးမှုမြင့်တက်လျက်ရှိရာ ပြီးခဲ့သည့်ဇွန်လအတွင်းက သေဆုံး၊ ပျောက်ဆုံးသူ စုစုပေါင်း ၂၇၁ ဦးရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

အာဖဂန်ရှိ တောင်ကိုရီးယား အလုပ်သမားများစခန်း စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ

ဆိုးလ် ဇူလိုင် ၆

အာဖဂန်နစ္စတန်နိုင်ငံရှိ တောင်ကိုရီးယား ပြန်လည်တည်ဆောက်ရေး အလုပ်သမားများ အခြေစိုက်စခန်းကို ဇူလိုင် ၆ ရက်က စိန်ပြောင်းဖြင့်ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်တွင်ကြေညာသည်။

တိုက်ခိုက်ခံရ

အဆိုပါ အခြေစိုက်စခန်းသည် ချာရီကာမြို့၌တည်ရှိပြီး ယခုနှစ်အတွင်း ၁၂ ကြိမ်မြောက် တိုက်ခိုက်ခံရမှုဖြစ်ကြောင်း၊ တိုက်ခိုက်မှုကြောင့် ထိခိုက်သေကျေပျက်စီးမှုမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တပ်စွဲချထား

အာဖဂန်နစ္စတန်နိုင်ငံ အတွင်း တောင်ကိုရီးယားအရပ်သား ပြန်လည်တည်ဆောက်ရေးအလုပ်သမားများအား ကာကွယ်ပေးရန် တောင်ကိုရီးယား တပ်ဖွဲ့ဝင် ၃၄၀ တပ်စွဲထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြားနေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၄၈၇** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၉၈၈၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၄၈၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၈၈၈ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ မှုအခြေအနေ

ကဘူးလ် ဇူလိုင် ၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၄၀၅၄** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၆၃၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၀၅၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၆၃၈ ဦး

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

မျိုးမင်းဟိန်း(သတင်းအတတ်ပညာ) – စုစည်းသည်

ပင်လယ်နီအတွင်း ဆူဒန်စက်လှေနစ်မြုပ် ၁၉၇ ဦးသေဆုံး၊ သုံးဦးကယ်တင်နိုင်

ခါတွမ် ဇူလိုင် ၆

ဆူဒန်ကမ်းလွန် ပင်လယ်နီအတွင်း၌ ဇူလိုင် ၆ ရက်က ဆော်ဒီအာရေဗျနိုင်ငံသို့ မှောင်ခိုဝင်ရောက်ရန် ကြိုးစားခဲ့သည့် လိုက်ပါသူ ၂၀၀ သယ်ဆောင်လာသော စက်လှေတစ်စင်း မီးလောင်ခဲ့ပြီးနောက် နစ်မြုပ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုနစ်မြုပ်မှုတွင် လိုက်ပါသူ ၁၉၇ ဦးသေဆုံးခဲ့ပြီး သုံးဦးသာကယ်ဆယ်နိုင်ခဲ့ကြောင်း ဆူဒန်မီဒီယာများက ဇူလိုင် ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံတွင် မိုးသက်လေပြင်းများတိုက်ခတ် ခုနစ်ဦးသေဆုံး၊ ငါးဦးပျောက်ဆုံး

ချန်ဒူး ဇူလိုင် ၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဇူလိုင် ၄ ရက်မှစတင်ကာ မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့ပြီးနောက် ခုနစ်ဦးသေဆုံးကာ ငါးဦးပျောက်ဆုံးနေကြောင်း ပြည်နယ်သဘာဝဘေးကာကွယ်ထိန်းသိမ်းရေးအဖွဲ့က ဇူလိုင် ၆ ရက်တွင် ပြောကြားခဲ့သည်။

ယင်းကဲ့သို့ မိုးသက်လေပြင်းတိုက်ခတ်မှုမှာ တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဇူလိုင် ၇ ရက်အထိ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု အမျိုးသားမိုးလေဝသဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နေတိုးကုန်တင်လေယာဉ်တစ်စင်း အာဖဂန်နစ္စတန်တွင်ပျက်ကျ

ကဘူးလ် ဇူလိုင် ၆

နေတိုးကုန်တင်လေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်မှ အနောက်မြောက်ဘက် ကီလိုမီတာ ၅၀ အကွာတွင် ဇူလိုင် ၆ ရက် စောစောပိုင်းက ပျက်ကျခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ကုန်တင်လေယာဉ်သည် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များအတွက် စားနပ်ရိက္ခာများကို သယ်ဆောင်လာပြီး ဇွန် ၆ ရက် နံနက် အရုဏ်မတက်မီက တောင်ကုန်းများထူထပ်ရာ ယင်းဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် လိုက်ပါသွားသူများ သေဆုံးဖွယ်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယသမ္မတနိုင်ငံ Birla Corporation Ltd.မှ Executive Director BR. Nahar နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ပဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibe သည် ဇူလိုင် ၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပြည်တွင်းပြောင်းရွှေ့သွားလာမှု စစ်တမ်းကောက်ယူခြင်း ဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်ပယ်များ၏ တိုးတက်မှုအခြေအနေများ စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးများ၊ UNFPA မှ ဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius GeorgLuy **(ယာပုံ)**သည် ယမန်နေ့ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikael Hemniti Winther သည် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက်ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nobuko Horibeသည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေးခဲ့

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာ၌ ဂျာမနီနိုင်ငံအခြေစိုက် အဖွဲ့အစည်းများနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှု လုပ်ငန်းကိစ္စရပ်များနှင့် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဆေးပညာရှင်များ လေ့ကျင့်သင်တန်းပေးရန် ကိစ္စရပ်များကို လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာ၌ 3-D Fund အဖွဲ့အစီအစဉ်ဖြင့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ထို့အတူ UNFPA အဖွဲ့နှင့် တွေ့ဆုံရာ၌ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ဒေါက်တာဝင်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးသယံဇာတထိန်းသိမ်းရေး ဒေးဒရဲ၌ဟောပြော

ဒေးဒရဲ ဇူလိုင် ၆

ငါးသယံဇာတ ထိန်းသိမ်းရေးဟောပြောပွဲကို ဒေးဒရဲမြို့နယ်ရှိ ကဝက်ရေကံချောင် ကျေးရွာအုပ်စု လှည်းဆိပ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇွန် ၂၅ ရက်က ကျင်းပရာ အခမ်းအနားတွင် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းထိုက်က အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် တွေ့ဆုံ၍ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမျိုးများ ပြုန်းတီးမှုမှ ကာကွယ်ရေး၊ ငါးရစ်ငါးသန်ကာလ ကျရောက်ချိန်တွင် ငါးမဖမ်းဆီးရေး၊ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါး ပိုးသတ်ဆေးများဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ရေး၊ အရွယ်မမီသည့် ကဏန်း၊ ငါးရှဉ့်များ ဖမ်းဆီးခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းမပြုရေး ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကိုအငယ်တန်းစာရေး ဦးဟန်လင်းအောင်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများကသိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာအုပ်စု၌ ဇွန် ၁၉ ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင် ဦးဆောင်လျက် ဒေသခံပြည်သူများက ဗျူးကြီးပျိုးပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မကွေးမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

မကွေးမြို့နယ်အသင်း (ရန်ကုန်)၏ အသက် (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ သားသမီးများစာရင်းကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပေးပို့ကြပြီး အခမ်းအနားသို့ မကွေးမြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူများဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၆၈၁၁၁၃၊ ၆၈၃၄၉၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကြည်မောင် ဖုန်း-၅၇၀၅၁၈၊ ၅၇၈၃၁၅၊ ဦးစစ်သိန်း ဖုန်း-၆၄၀၄၀၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ တနိုင်းမြို့ တပင်ရွှေထီးလမ်း မြေသားပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်တံတား ဘားအံ၌ တည်ဆောက်

ဘားအံ ဇူလိုင် ၆

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကျေးလက်လုပ်ငန်းဖြစ်သော ဝဲကြီး-ရေကျော် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နှစ်ခြားကျေးရွာ အုတ်ခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ဇွန် ၂၅ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ရင်ဝယ်သားကဲ့သို့ ထားရှိသည့်စေတနာဖြင့်

မောင်မောင်မျိုး (ပဲခူး)

နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အခြေပြုမိန့်ခွန်းတွင် **"အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး ကျွန်တော်တို့အစိုးရသစ်အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"** ဟူ၍ ပြောကြားခဲ့သည်။

အလားတူ အစိုးရအဖွဲ့သို့ ပြောကြားသည့်မိန့်ခွန်းတွင် **"လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနဲ့ ပင်စင်လစာတို့ကိုလည်း သင့်လျော်သောအချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း"** ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် **"ပြည်သူများ၏မျှော်လင့်ချက်များ ပြည့်ဝအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန်"** ဟု တိုက်တွန်းမှာကြားခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် **"ဒီလုပ်ငန်းတွေကို အထူးအလေးထားပြီး နိုင်ငံတော်အဆင့်အနေဖြင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းပြီး စနစ်တကျ စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း"** ဖြင့် ပြောကြားခဲ့သည်။

အထက်ဖော်ပြပါ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းမှာကြားချက်များသည် ပြည်သူများအတွက် စေတနာထားဆောင်ရွက်မှုများဖြစ်သည်ကို ထင်ဟပ်ပေါ်လွင်စေသည်။ ယခုဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်း (၈)ရပ်ကို ချမှတ်ပြီးဖြစ်ရာ ဇူလိုင်လ (၁)ရက်နေ့မှစ၍ သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၁)နှင့် (၁၀၇/၂၀၁၁)တို့အရ ၂၀၁၁ခုနှစ် ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်ပြီဖြစ်သည်။ ယခုကဲ့သို့ အငြိမ်းစားဝန်ထမ်းများ၊ နိုင်ငံရေးပင်စင်စားများ၏ စားဝတ်နေရေးသက်သာမှုရှိစေရန်အတွက် ပင်စင်လစာများကို တိုးမြှင့်ခံစားခွင့်ပေးလိုက်ခြင်းသည် ပြည်သူများအတွက် အင်မတန်အကျိုးရှိကာ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများကိုလည်း အတိုင်းအတာတစ်ခုအထိ အဆင်ပြေစေသည်ဟုပင် ပြောရမည်ဖြစ်သည်။

ယခင်က နှစ်ပေါင်းများစွာ နိုင်ငံတော်တာဝန်ကို ကျေကျေပွန်ပွန် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင် စသည်ဖြင့် ခေတ်အဆက်ဆက်ကပင် ပင်စင်ယူခဲ့ကြသော ပင်စင်စားဝန်ထမ်းများသည် ၎င်းတို့၏ပင်စင်လစာမှာ လက်ရှိကုန်ဈေးနှုန်းနှင့် ကွာဟနေသည့်အတွက် နေ့စဉ်နှင့်အမျှ စားဝတ်နေရေးကို ခက်ခဲစွာဖြေရှင်းခဲ့ရသည်။ နိုင်ငံတော်က လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နေထိုင်စားသောက်ရေးတို့ကို ရှေးရှုပြီး အငြိမ်းစားလစာနှင့်ရှားပါးစရိတ်များထောက်ပံ့ပေးမှုကို နိုင်ငံ့ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ ထားရှိသည့်စေတနာဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း ယခုဆိုလျှင် စားဝတ်နေရေးအခက်အခဲများကို လွန်မြောက်နိုင်တော့မည်ဖြစ်သည်။

ယင်းသို့ အငြိမ်းစားလစာ တိုးမြှင့်ဆောင်ရွက်ပေးသည့်အခါတိုင်း ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲငွေပမာဏ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေစသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ဆောင်ရွက်ရသည်။

သို့သော်လည်း နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများကို နိုင်ငံတော်က အချိန်အခါအလိုက် သင့်တင့်လျောက်ပတ်စွာ ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ပင်စင်စနစ်သည် အငြိမ်းစားဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခံစားခွင့်ပြုနေခြင်းဖြစ်သည်။ ထို့ပြင် အခြားနိုင်ငံများကဲ့သို့ ဝန်ထမ်း၏လစာ ထည့်ဝင်ကြေးစုဆောင်းငွေအပေါ်တွင် ခွင့်ပြုခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံပြီး ဝန်ထမ်း၏လုပ်သက်အပေါ်တွင် ခံစားခွင့်ပြုသည့် ပင်စင်စနစ်ဖြစ်သည်။

ပင်စင်ခံစားခွင့်များကို တည်ဆဲမြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများအရ ၎င်းတို့၏ နောက်ဆုံးထုတ်လစာနှင့် ပင်စင်ခံစားခွင့်ရှိသော လုပ်သက်အပေါ် အခြေခံ၍ အငြိမ်းစားလစာနှင့် လုပ်သက်ဆုကြေးကို တွက်ချက်ခွင့်ပြုနေခြင်းဖြစ်သည်။ အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ခေတ်အလိုက် ကုန်ဈေးနှုန်းများ ကွာဟချက်နည်းပါးစေရန် နိုင်ငံတော်က အခြေအနေပေးလျှင်ပေးသလို အပိုထောက်ပံ့ကြေး ဆောင်းပေးခြင်း၊ ပင်စင်လစာ တိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုး ခံစားခွင့်များကို နှစ်အလိုက်ပြင်ဆင် တိုးမြှင့်ပေးခဲ့ရာ ၁၉၅၆ ခုနှစ်တွင် ဝန်ထမ်းပင်စင်သာမက မိသားစုပင်စင်ကိုပါ ခံစားခွင့်ပြုခြင်း၊ ၁၉၇၃ ခုနှစ်တွင် မူလပင်စင်ခံစားခွင့်ရှိသောလုပ်သက်ကို နှစ်(၃၀)အစား (၄၂)နှစ်အထိ တိုးမြှင့်ပေးခြင်းနှင့် မိသားစုပင်စင်သက်တမ်းကာလ (၁၀)နှစ်မှ (၁၅)နှစ်အထိ တိုးမြှင့်ပေးခြင်း၊ ၁၉၇၇ ခုနှစ်တွင် ပင်စင်လစာအပေါ် နိုင်ငံတော်၏လိုအပ်ချက်အရ ယာယီရှားပါးစရိတ် ခွင့်ပြုပေးခြင်း၊ ၁၉၈၈ ခုနှစ်တွင် ပင်စင်လစာအပေါ် အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ ၁၉၈၉ ခုနှစ်တွင် မူရင်းပင်စင်အပေါ် ယာယီဆောင်းငွေနှင့် အပိုထောက်ပံ့ကြေးကို ပေါင်း၍ ပင်စင်လစာအဖြစ် တိုးမြှင့်သတ်မှတ်ပေးသည့်အပြင် ပင်စင်လစာကျပ် (၆၀၀)ထက်မပိုရဟူသော မူကိုပယ်ဖျက်ပေးခြင်း၊ ၁၉၉၃ ခုနှစ်တွင် ပင်စင်လစာအား လိုအပ်ချက်အရ (၂၅)ရာခိုင်နှုန်း တိုးမြှင့်ခွင့်ပြုပေးခြင်း၊ ၁၉၉၄ ခုနှစ်တွင် မိသားစုပင်စင်ကို ဝန်ထမ်းပင်စင်လစာ၏ ထက်ဝက်အစား လေးပုံသုံးပုံအထိ တိုးမြှင့်ပေးခြင်းနှင့် ဇနီး/ခင်ပွန်းတို့အတွက် ယခင်ခံစားခွင့်(၁၅)နှစ်အထိအစား ကွယ်လွန်သည့်နေ့အထိ ခံစားခွင့်တိုးမြှင့်ပေးခြင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ပင်စင်လစာများ (၂)ဆ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အထက်ပါ ဆောင်ရွက်ပေးမှုကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်သည် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိစေရန်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ သည်ကို တွေ့ရှိရမည်ဖြစ်သည်။

အစိုးရသစ်အနေဖြင့် မူလကချမှတ်ထားသည့် မူဝါဒလမ်းစဉ်များ အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသည်မှာလည်း နိုင်ငံတော်အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးပင်ဖြစ်သကဲ့သို့ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနှင့်အညီ ပြည်သူများအတွက် ဖြေလျော့ဆောင်ရွက်ပေးခြင်းလည်းဖြစ်သည်။

လက်ရှိအစိုးရသစ်အနေဖြင့် တာဝန်ယူခဲ့သည်မှာ ရက်ပေါင်း (၉၀) ကျော်ခဲ့ပြီဖြစ်ပြီး မကြာမီ ရက်ပေါင်း (၁၀၀) ပြည့်တော့မည်ဖြစ်သည်။ ထိုအချိန်တိုကာလအတွင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုများအနေဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် လုပ်ငန်း(၈)ရပ် ချမှတ်ဆောင်ရွက်ခြင်း၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများ အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း၏ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ပရိဘောဂဒီဇိုင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေး စီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ၊ ဒုတိယအကြိမ် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းတွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီး အဆင့် အလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားရေး(အက်စကက်)ဆွေးနွေးပွဲ၊ မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ၊ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေးပွဲများကျင်းပခြင်း၊ ကျန်းမာရေးဆိုင်ရာ မြှင့်တင်မှုများ ဆောင်ရွက်ရေး၊ အခမဲ့မူလတန်းပညာရေး စနစ်မှ မသင်မနေရမူလတန်းပညာရေးစနစ်သို့ တက်လှမ်းနိုင်ရေး၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးနှင့် ရန်ကုန်မြို့၌ တိုင်းပြည်နှင့်လူမျိုးအတွက်၊ စာပေလောကသားများအတွက်၊ ပြည်သူများအတွက် အကျိုးကျေးဇူးကြီးမားသည့် မီဒီယာလုပ်ငန်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ Standard ဖြစ်သည့် မီဒီယာကော်နာများဖွင့်လှစ်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းများ၏အခန်းကဏ္ဍကို အလေးထားဦးစားပေးရန်နှင့် ပြည်သူများ သိသင့်သည့်သတင်းများကို စာနယ်ဇင်းများမှ တစ်ဆင့် လျင်မြန်စွာအသိပေးနိုင်ရန်အတွက် ယခင်က စာပေစိစစ်ရေးမှု(၂၁)ချက်ရှိပြီး အသေးစိတ်အခြေခံရမည့်မှု အချက်(၇၀) ရှိရာမှ ယခုအခါ စာပေစိစစ်ရေးမှု (၁၂)ချက်နှင့် အသေးစိတ်အခြေခံရမည့်မှု(၁၆)ချက်အထိ မူဝါဒများကို လျှော့ချပေးခဲ့သည်။ အနုပညာ၊သုတ၊ရသ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာ၊ အားကစားဂျာနယ်စုစုပေါင်း (၈၂)စောင်၊ မဂ္ဂဇင်းစုစုပေါင်း(၉၆)စောင်နှင့် အထက်ပါအမျိုးအစား(၅)မျိုးနှင့် အကျုံးဝင်သော အထွေထွေစာအုပ်များ၊ ပုံပြင်၊ ရုပ်ပြ၊ ထီပေါက်စဉ်တို့ကို ထုတ်ဝေပြီးမှ တင်ပြသည့်စနစ်သို့ ပြောင်းလဲခွင့်ပြုပေးခဲ့သည်။

ထို့မျှမက ရထားလမ်းပိုင်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ တံတားများ၊ အဆင့်မြင့်ရုပ်ရှင်ရုံများ၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်များ အဆင့်တိုးမြှင့်ခြင်း၊ အထက်တန်းအိပ်စင် အထူးရထား ထပ်မံတိုးချဲ့ပြေးဆွဲခြင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုဆေးရည်များ မီးရှို့ဖျက်ဆီးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ယနေ့ အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန် ပြင်းပြင်းဖြင့် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းလုပ်ငန်းကြီးများ အမြန်ပြီးမြောက်အောင်မြင်သည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်များကို အချိန်တိုအတွင်း ကိုယ်စီကိုယ်င ခံစားပိုင်ခွင့် ရရှိနိုင်ကြမည်ဖြစ်သည်။ ထိုကာလမရောက်မီတွင်ပင် ပင်စင်လစာများကို တိုးမြှင့်ခံစားခွင့်ပြုလိုက်ပြီဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အသီးအပွင့် အကျိုးရလဒ်အဖြစ် လက်တွေ့စတင်ခံစားကြရတော့မည် ဖြစ်သည်။

လက်ရှိစာရင်းဇယားများအရ မြန်မာတစ်နိုင်ငံလုံးတွင် ပင်စင်စားဝန်ထမ်းဦးရေ စုစုပေါင်း(၉)သိန်း ကျော်ခန့်ရှိသည်။ ယခုကဲ့သို့ ပင်စင်လစာ တိုးမြှင့်ခံစားခွင့်ပေးလိုက်သည့်အတွက် ယင်းလူဦးရေအပြင် ၎င်းတို့နှင့်ဆက်နွှယ်နေသည့် မိသားစုများကိုပါ တစ်နွယ်ငင်တစ်စင်ပါဆိုသလို အထောက်အကူအဖြစ် များစွာအကျိုးဖြစ်ထွန်းစေသည်။ ဥပမာ- မိသားစုတစ်စုလျှင် အိမ်ထောင်စုဝင်(၅)ဦးရှိပါက လူဦးရေ (၄)သန်းခွဲကျော်ကို အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်သည်။ သို့ဖြစ်၍ "နိုင်ငံတော်အစိုးရက အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာတိုးမြှင့်ပေးသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ပင်စင်လစာ တိုးမြှင့်ခြင်းကို အခွင့်ကောင်းယူ၍ စီးပွားရေးသမားများ၏ ပယောဂကြောင့် ကုန်ဈေးနှုန်းများတက်လာမည်ကို စိုးရိမ်မိသော်လည်း အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာတိုးမြှင့်ခြင်းအပေါ် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများက အလွန်ဝမ်းသာလျက်ရှိကြောင်း" ဖြင့် ကုန်သည်များနှင့် ဒေသခံများက ပြောဆိုလျက်ရှိကြသည်။

ထို့ပြင်"ခေတ်အဆက်ဆက် ပင်စင်စားဝန်ထမ်းများ လိုလားတောင့်တခဲ့ရသော အငြိမ်းစားလစာတိုးမြှင့်ရေးကို ဒီမိုကရေစီဆန်စွာ ပြောင်းလဲပေးခြင်းဖြစ်၍ နိုင်ငံပြုပြင်ရေးလုပ်ငန်းများ အစပြုနေသည်မှာ လက်တွေ့မျက်မြင်ကြုံတွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံရေးပင်စင်စားများအပေါ် အလေးဂရုပြု စောင့်ရှောက်ပေးခဲ့သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီစနစ် ဖော်ဆောင်နေမှုများအပေါ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"ဖြင့် တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားဟောင်းကြီးများ၏ ပြောဆိုသံများကိုလည်း ကြားသိရသည်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူများကလည်း "ယခု ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ သက်တမ်းရှည်ကြာနေပြီဖြစ်သည့် ပင်စင်စားများအတွက်ပါ အကျုံးဝင်နေသည့်အတွက် မမျှော်လင့်ထားသူများအနေဖြင့် အတိုင်းမသိ ဝမ်းသာနေကြပါကြောင်း၊ အိုမင်းမစွမ်းဖြစ်နေသည့် ပင်စင်စားများအား အသိအမှတ်ပြုဦးစားပေး၍ စဉ်းစားပေးသည့်အတွက် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်မိပါကြောင်း။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာ တိုးမြှင့်ပေးသင့်ခဲ့သည်မှာ ကြာပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့သစ်မှ ယခုကဲ့သို့ အငြိမ်းစားဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တိုးမြှင့်ပေးခြင်းအပေါ် ဂုဏ်ယူဝမ်းသာလျက်ရှိနေကြပါကြောင်း၊ ပင်စင်လစာ တိုးမြှင့်သတ်မှတ်ပေးခြင်းအပေါ် အကြောင်းပြု၍ နိုင်ငံရေးအရ ခုတုံးလုပ်ပြီး ကုန်ဈေးနှုန်း အဆမတန် တိုးမြှင့်ဆောင်ရွက်ကြမည့် ဝိသမလောဘ စီးပွားရေးသမားများ၏ အန္တရာယ်ကိုလည်း တစ်ဖက်က စိုးရိမ်ပူပန်လျက် ရှိနေကြပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းဟောင်းများအပေါ် နိုင်ငံတော်အစိုးရက ပြန်လည်စောင့်ရှောက်ခြင်းသည် အင်အားအသစ်များကို တိုးပွားစေပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် ခရီးစဉ်အတွက် ပိုမိုသွက်လက်အင်အားကောင်းသည့် တွန်းအားများဖြစ်လာသဖြင့် ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာ တိုးပေးခြင်းကြောင့် မိခင်၊ ဖခင်၊ ညီအစ်ကို၊ မောင်နှမများ စသောသူများ၏ ဝမ်းသာစကားများကိုကြားသိရပြီး ပင်စင်စားများ၏ အပျော်ကို မြင်တွေ့ရ၍ ကျေနပ်အားရမိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အငြိမ်းစားဝန်ထမ်းများ အမျှော်လင့်ဆုံးဖြစ်သော အပြင်းပြဆုံးဆန္ဒကို ဖြည့်ဆည်းပေး၍ ပြည်သူအားလုံးက အစိုးရ၏ စေတနာကိုသိရှိပြီး ဝမ်းသာပီတိဖြစ်ရပါကြောင်း" ဖြင့် ပြောဆိုနေကြသည်ကို ကြားသိရသည်။

ထိုကဲ့သို့ အလွှာပေါင်းစုံမှ ပြည်သူ့အသံများကို ကြားသိရသည့်အခါ ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပြီး ဝမ်းသာလွန်း၍ မျက်ရည်လည်ရသည်အထိ ဖြစ်မိသည်။

အမှန်ဆိုရလျှင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့အကျိုးစီးပွားကို ရေရှည်မျှော်မှန်းကာ ကုန်ဈေးနှုန်းကစားခြင်းမျိုး မပြုလုပ်သင့်ကြပေ။ ပြည်သူအတွက် ထိရောက်စွာအကျိုးရှိမှသာ နိုင်ငံတော်၏ စီမံချက်များ အောင်မြင်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် တိုင်းပြည်နှင့်ပြည်သူ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ဤသို့အားဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းမှုများရှိလာနိုင်ပြီး တိုးတက်မှုအခြေအနေကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အာမခံထားသည့်ပုဒ်မပေါင်း (၅၇)ခုပါရှိသည်။ ယခုပင်စင်လစာ တိုးမြှင့်ပေးခြင်းသည် လူ့အခွင့်အရေးအတွက် ဖြည့်ဆည်းဖော်ဆောင်ပေးခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ အစိုးရက လူ့အခွင့်အရေးနှင့်ပတ်သက်၍ အလေးထားရှေးရှု ဆောင်ရွက်ပေးနေသည်ကိုပင် လူ့အခွင့်အရေးချိုးဖောက်သည့် အသွင်သဏ္ဌာန်ဖြစ်အောင် ပြည်ပမီဒီယာများက ပုံဖော်နေကြသည်ကို တွေ့ရသည်။ အမှန်မှာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် ယခင့် ယခင်ကထက်သာလွန်တိုးတက်ကောင်းမွန်နေသည်ကို တွေ့မြင်ရသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံရှိ ပင်စင်စားဦးရေ (၉)သိန်းကျော်အတွက် ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပေးလိုက်ရာ နိုင်ငံတော်ဘတ်ဂျက်မှ တစ်လလျှင် ငွေကျပ်သန်းပေါင်းများစွာ ပိုမိုကုန်ကျလာမည်ပင်ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်အစိုးရသစ်၏ ပြည်သူများအပေါ် ရင်ဝယ်သားကဲ့သို့ထားရှိသော စေတနာ၊ မေတ္တာတရားများကို လှစ်ဟပြသရာရောက်သည့် သမိုင်းဝင်ဆောင်ရွက်ချက်တစ်ခု ဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတ၏ အစိုးရအဖွဲ့သို့ပြောကြားသည့် မိန့်ခွန်းပါအတိုင်း အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ ပင်စင်လစာ တိုးမြှင့်ခံစားခွင့်ပြုလိုက်ခြင်းသည် နိုင်ငံတော်၏ ပြည်သူ့အကျိုးစီးပွားအတွက် မျက်ခြည်မပြတ် စီမံဆောင်ရွက်ပေးနေမှုများထဲမှ အကြောင်းအရာတစ်ခုပင်ဖြစ်ပါကြောင်းနှင့် ယခုဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပင်စင်စားများ၏ ဝမ်းသာပီတိအပြုံးများဖြင့်သာ လွှမ်းခြုံလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ *ရှေ့ဖုံးမှ*

ဖြစ်ပေါ်စေနိုင်သည့်အတွက် ပြုပြင်ရန် လိုအပ်ချက်များကို ဆောင်ရွက်သွားကြရန် နည်းလမ်းရှာကြံသွားရမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ထိန်းကျောင်းပြုပြင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆရာဝန် ဆရာမများမှအစ ကျန်းမာရေးလုပ်သားများအဆုံး ကျန်းမာရေးကုသမှုခံယူသူ ပြည်သူလူထုကို အတတ်နိုင်ဆုံး တာဝန်အပြင် စေတနာဖြင့် စောင့်ရှောက်ပြုစု ကုသမှုပေးနိုင်အောင်နှင့် ကျန်းမာရေးပညာ ဗဟုသုတကို တစ်ဆက်တည်း ပေးနိုင်အောင် နည်းလမ်းများရှာကြံပြီး ဆောင်ရွက်သွားနိုင်အောင် ကြိုးကြပ်ကွပ်ကဲသွားရန် လိုအပ်ကြောင်း။

ပြည်သူလူထုအတွင်း နာမည်ကြီးနေသော စရိတ်မျှပေး ကျန်းမာရေးစနစ်ကိုလည်း သေသေချာချာ စိစစ်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် ကျန်းမာရေးမူဝါဒအတိုင်း ငွေရေးကြေးရေးကအစ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပြုပြင်ပြောင်းလဲရန်လို

ဆေးပညာ သိပ္ပံလက်အောက်၌ ဖွင့်လှစ်ထားသည့် တက္ကသိုလ် (၁၄) ခုနှင့် သူနာပြုသားဖွားသင်တန်းကျောင်းများကိုလည်း အရည်အသွေးမြင့်မားစွာ တကယ့်လက်တွေ့ တတ်မြောက်သော ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမများ ဖြစ်နိုင်အောင် လိုအပ်သော စီမံချက်များ ပြန်လည်ရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ကြောင်း၊ အရေအတွက်နှင့် အရည်အချင်းသဟဇာတ ဖြစ်အောင် ဆောင်ရွက်ရန် အချိန်တန်လာပြီဖြစ်ကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးပညာသိပ္ပံဦးစီးဌာန လက်အောက်ရှိ လုပ်ငန်းများ ဆောင်ရွက်နေကြသကဲ့သို့ပင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနများကလည်း ခေတ်စနစ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်း၊ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲစရာ ရှိသည်များကို ဌာနအလိုက် ပြုပြင်ပြောင်းလဲသွားရန် လိုအပ်လာပြီ ဖြစ်ကြောင်း။

နံပါတ် (၂) ရည်ရွယ်ချက်မှာ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ဝန်ကြီးဌာနတစ်ခုလုံး တိုးတက်စေရန်အတွက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ လေ့လာဆန်းစစ်အဖြေထုတ်နိုင်ရန် ကျယ်ပြန့်သော ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ယခုလအတွင်း ပြုလုပ်နိုင်အောင် ရှေ့ပြေးတွေ့ဆုံဆွေးနွေး ပြင်ဆင်မှုပြုလုပ်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တွေ့ဆုံခြင်းလည်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ၂၀၁၅ ခုနှစ်အတွင်း ရောက်ရှိလာမည့် အာဆီယံပေါင်းစည်းရေးနှစ် အချိန်တွင် တိုးတက်နေသော အာဆီယံနိုင်ငံများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လည်း လိုအပ်နေပြီဖြစ်ကြောင်း။

နံပါတ်(၃) ရည်ရွယ်ချက်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများတွင် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူလူထု၏ စားဝတ်နေရေး လူမှုစီးပွားဘဝတိုးတက်မြင့်မားနိုင်ရန်အတွက် စီမံချက်လုပ်ငန်းတာဝန် (၈)ချက်ထဲမှ နံပါတ်(၆) အချက်ဖြစ်သည့် ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှု ပြင်ဆင် ဆောင်ရွက်မှုများကို ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် စီမံပံ့ပိုး ကူညီသွားရမည် ဖြစ်ကြောင်း။

မွေးထုတ်နိုင်

မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းအရ မြန်မာနိုင်ငံရှိ ကျေးရွာစုစုပေါင်း ၆၄၃၄၆ ရွာကို သက်ဆိုင်ရာ ကျေးရွာများအလိုက် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုတွင် လိုအပ်သော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ဖန်တီးဖြည့်ဆည်းသွားရမည် ဖြစ်သည့်အတွက် ကျေးရွာအဆင့်နှင့် ညီမျှသော ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးလုပ်သားများ၊ သားဖွားဆရာမများ၊ အရန်သားဖွားဆရာမများ မွေးထုတ်နိုင်ရန်အတွက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဗဟိုဆေးသိုလှောင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့က ဌာနအလိုက် ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနအလိုက်လိုအပ်ချက်များကို စီမံချက်ရေးဆွဲတင်ပြရန်၊ ယခုတင်ပြသည့် ကိစ္စရပ်များ ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် မကြာမီကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲတွင်လည်း တင်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ကျန်းမာရေးဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကိုလိုက်နာကျင့်ကြံ ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအတိုင်း ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၃) ဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသစ်ဖွဲ့စည်းပြီး အစိုးရသစ်၏ ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေစွာ စာရင်းစစ်ရုံးများ ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးခံအဖွဲ့အစည်းများ၏ ပြောင်းလဲလာသော စနစ်သစ်နှင့်အညီ မိမိတို့ဘက်မှလည်း အတွေးသစ်အမြင်သစ်ဖြင့် စစ်ဆေးဖော်ထုတ်အစီရင်ခံတင်ပြရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းစွာဖြင့် ဆောင်ရွက်ကြရမှာဖြစ်သဖြင့် ပြောင်းလဲလာသော စစ်ဆေးရေးလုပ်ငန်းအခြေအနေများနှင့် ရင်ပေါင်တန်းနိုင်သော အရည်အချင်းများ ရယူပိုင်ဆိုင်နိုင်ရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျေပွန်စွာ ဆောင်ရွက်သွားခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် သန့်ရှင်းသော အစိုးရတစ်ရပ်ပေါ်ထွန်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်မှူးများလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၃) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



သစ်တောနှင့်
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များ ကလောမြို့နယ် အင်းပြင် ကျေးရွာတွင် ချယ်ရီ၊ ယူကလစ်၊ ခါတော်မီ၊ စိန်ပန်းပြာ၊ ရေသင်းဝင်၊ ထင်းရှူးပင် စုစုပေါင်း ၁၃၅၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်အမျိုးသမီးရေးရာ)

မြန်မာတစ်နိုင်ငံလုံးတွင် မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၆

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၂	ကယားပြည်နယ်	၃၀	၂၀	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၃	ကရင်ပြည်နယ်	၃၀	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၄	ချင်းပြည်နယ်	၂၂	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၆၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၆၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၂	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၉	မကွေးတိုင်းဒေသကြီး	၃၄	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၁၁	မွန်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၃	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၆၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၇	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၃	နေရာကျဲကျဲမိုးထစ်ချုန်း	၆၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၆၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၃	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၄၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာတစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikael Hemniti Winther သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ
ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက် လာရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် အထူးရောင်းချပွဲသို့ ရောက်ရှိလာပြီး ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါပုံးများအား တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အထူးရောင်းချပွဲ ဆဋ္ဌမနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက် ၈ နာရီမှ စတင်၍ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ် ဆောင်ရွက်ပေးကြသည်။

ထို့အတူ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသူများနှင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဝတ်ရတနာ အရောင်းဆိုင်များတွင် ဝယ်ယူကြသူများ အထူးစည်ကားလျက်ရှိသည်။

ယနေ့အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း (၉၉၃၁)တွဲ ရောင်းချရကြောင်း သိရှိရသည်။

ကူညီဆောင်ရွက်

အထူးရောင်းချပွဲကာလအတွင်း ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ နေထိုင်ရေး၊ စားသောက်ရေး၊ ဆက်သွယ်ရေးနှင့် သွားလာရေးတို့ အဆင်ပြေ ချောမွေ့စေရန် ပြပွဲဆပ်ကော်မတီများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆဋ္ဌမနေ့တွင် တင်ဒါပုံးများအား တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးနေကြစဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အသုံးပြုရန်
နိုင်ငံကိုယ်စားပြုအထိမ်းအမှတ်တံဆိပ်နှင့် အထိမ်းအမှတ် လာဘ်ကောင်များ ရေးဆွဲပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အိမ်ရှင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo) နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot) များရေးဆွဲပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ စက်တင်ဘာ ၇ ရက်အတွင်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အထိမ်းအမှတ်တံဆိပ် (Logo) တွင် ပါဝင်ရမည့် အချက်များမှာ-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နေပြည်တော်တွင်ကျင်းပမည့် ဆိုသည့် အဓိပ္ပာယ်

(ခ) ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့် အရှေ့တောင်အာရှနိုင်ငံ ၁၁နိုင်ငံ စလုံးကို ကိုယ်စားပြုသောအဓိပ္ပာယ်

(ဂ) အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက်၊ စိမ်း၊ နီ အရောင်ပါ ကွင်းငါးကွင်း

(ဃ) အရှေ့တောင်အာရှ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု သဘောဆောင်သည့် ရေးဆွဲချက်

(င) မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် အဓိပ္ပာယ် သို့မဟုတ် ထင်ရှားသော အထိမ်းအမှတ်၊ အဆောက်အအုံများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်

(စ) မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသည့် အရောင်တို့၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက် ပါရှိရမည်။

အထိမ်းအမှတ်လာဘ်ကောင်ရုပ် (Mascot)အတွက် သတ်မှတ်ချက်များမှာ-

(က) မိမိနိုင်ငံနှင့် လူမျိုးတို့အတွက် လာဘ်ရှိစေသည့် အကောင်ရုပ် ဖြစ်ရမည်။

(ခ) မိမိတင်ပြလိုသော လာဘ်ကောင်ရုပ်သုံးမျိုးကို အနည်းဆုံး အားကစားနည်း ငါးမျိုးစီအတွက် ရေးဆွဲတင်ပြရမည်။

(ဂ) ဤအကောင်အရုပ်ကို ဆောင်ထားခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့အတွက် မည်ကဲ့သို့ လာဘ်ရှိစေကြောင်း ရှင်းလင်းချက် ပါရှိရမည်။

ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက အထိမ်းအမှတ်တံဆိပ် (Logo) အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ အထိမ်းအမှတ် လာဘ်ကောင် (Mascot) အတွက် ဆုကြေးငွေကျပ်သိန်း ၂၀ တို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ရာ ယခင်ပြုလုပ်ခဲ့သော အခြားနိုင်ငံများ၏ (Logo) နှင့် (Mascot) နမူနာပုံစံများနှင့်အတူ ပြိုင်ပွဲဝင်ပုံစံအား တစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ နေပြည်တော် အားကစားဝန်ကြီးဌာနရှိ လူထုအားကစားနှင့်ပညာပေးဌာနခွဲနှင့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာန လူထုအားကစားနှင့်ပညာပေး ဌာနခွဲများသို့ လူကိုယ်တိုင် လာရောက်ဝယ်ယူရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိမေးမြန်းလိုပါက နေပြည်တော်အားကစားဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဖုန်း- ၀၁-၄၀၀၈၉၂၊ ၀၁-၄၀၀၄၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မိမိရေးဆွဲထားသော ပန်းချီကား၊ Graphic Design နှင့် Soft Copy များကို ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက် ပို့ဆောင်၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးနိုင်သည့် လုံခြုံစွာ ထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့် ဖြစ်စေ၊ စက်တင်ဘာ ၇ ရက် နောက်ဆုံးထား၍ အားကစားဝန်ကြီးဌာန နေပြည်တော် လူထုအားကစားနှင့် ကာယပညာဌာနခွဲသို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်း ခံရသူအား နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာ၍ ဆုချီးမြှင့်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

KIA အဖွဲ့က မန္တလေး-မြစ်ကြီးနား မီးရထားလမ်း ဟိုပင်နှင့် နန်းခွင်အကြား မီးရထားသံလမ်းကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး၊ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ပြည်သူအများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံအောင် လုံခြုံရေးကိစ္စများကို အလေးထား တာဝန်ယူ စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၆

KIAအဖွဲ့သည် တပ်မတော်က စီမံကိန်းလုပ်ငန်း လုံခြုံရေးနှင့် အများပြည်သူ လုံခြုံရေးအတွက် အကန့်အသတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရမှုကို အကြောင်းပြုပြီး ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ ထိခိုက် သေကျေ ပျက်စီးစေရန် ရည်ရွယ်လျက် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် လုပ်ရပ်များကို ဆက်လက်ကျူးလွန်လျက်ရှိသည်။

ဇူလိုင် ၅ ရက် ညက မန္တလေး-မြစ်ကြီးနား မီးရထားလမ်း ဟိုပင်နှင့် နန်းခွင်အကြား မီးရထားသံလမ်းကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် သံလမ်းပြတ်တောက်ပြီး ဇလီဖားတုံးများ ပျက်စီးခဲ့သည်။ သို့သော် သက်ဆိုင်ရာ တာဝန်ရှိသူများက ရထားသံလမ်းပျက်စီးမှုကို ကြိုတင်သိရှိပြီး လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အများပြည်သူများ စီးနင်းလိုက်ပါလာသည့် မီးရထားသည် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ မလိုလားအပ်သည့် အသက်အန္တရာယ် ပျက်စီးဆုံးရှုံး ထိခိုက်မှုများမရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ KIAအဖွဲ့သည် ဇွန် ၂၂ ရက်က မန္တလေး- မြစ်ကြီးနား မီးရထားလမ်း မြစ်ကြီးနားနှင့် နန်းကွေ့အကြား ကွန်ကရစ်တံတားနှင့် မရမ်းနှင့် နမ္မတီးအကြား ကွန်ကရစ်တံတားများကိုလည်းကောင်း၊ ဇွန် ၃၀ ရက်က မန္တလေး-မြစ်ကြီးနား မီးရထားလမ်း နမ္မားနှင့် ဟိုပင်အကြား မီးရထားသံလမ်းကို လည်းကောင်း မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည့်အတွက် သံလမ်းများ ပြတ်တောက်ခြင်း၊ ဇလီဖားတုံးများ ပျက်စီး ပြုတ်ထွက်ခြင်းများ ဖြစ်ပွားခဲ့သည်။ သို့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်သိရှိပြီး လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်သူများ အန္တရာယ်ကင်းရှင်းခဲ့ကြရကြောင်း သိရှိရသည်။

ထိုသို့ KIAအဖွဲ့က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက် သေကျေ ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ပြည်သူအများနှင့် သက်ဆိုင်သည့် လမ်းများ၊ တံတားများ၊ မီးရထားသံလမ်းများကို မိုင်းထောင် ဖောက်ခွဲ ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသော်လည်း အများပြည်သူ ထိခိုက်ပျက်စီး ဆုံးရှုံးမှု မရှိစေရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေးကိစ္စများကို အလေးထားပြီး တာဝန်ယူ စောင့်ရှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KIA အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသော မန္တလေး-မြစ်ကြီးနား မီးရထားလမ်းရှိ ရထားသံလမ်း တစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် (အဖိတ်နေ့)

၇-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ သုံးပင်နှစ်ဆယ်
၄:၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၈။ တေးဂီတအစီအစဉ်
၅:၃၅ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၅:၅၀ ၁၀။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (မီဒိုရီတူးချွန်ဆု)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၇)
၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၇)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၁)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၄)
၂၂။ အစီအစဉ်ပြီး၏။

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းက မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ကြက်၊ ငုံးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးနောက် **(အပေါ်ပုံ)** ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ရှိ ဦးရဲမျိုးကျော်၏ ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုနှင့် ဦးညွန့်ရွှေ၏ ငုံးကောင်ရေ ၉၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တဲကြီးကုန်းကျေးရွာ တောင်သူ ဦးညိုအေး၏ ၁ ဒသမ ၅၀ ဧက ယာမှုလယ် ပြောင်းလဲထွန်ယက်နေမှုနှင့် သာစည်ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါး အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာစည်ရေလှောင်တမံ၊ ကျောက္ကာကျေးရွာရှိ ရွှေဂူနီဘုရားနှင့် ဓမ္မာရုံဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးအိမ်ရာ တည်ဆောက်ရေးစီမံကိန်း၌ အဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးချွန်ကျောင်းသား ကျောင်းသူများအား ဖျာပုံ၌ ဂုဏ်ပြု

ဖျာပုံ ဇူလိုင် ၆

၂၀၁၁ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များချီးမြှင့်သည့် အခမ်းအနားကို ဖျာပုံမြို့ ရွှေနတ်ကူဘုရားလမ်းရှိ ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အလင်းရောင် ပညာရေး အကျိုးဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက်-အောင်ဝင်း)က ဂုဏ်ပြု အမှာစကား ပြောကြားပြီး ရပ်မိရပ်ဖ ဦးဝဏ္ဏရွှေ၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးတိုးဝင်း၊ အထက (၁) ကျောင်းအုပ် ဆရာမကြီးဒေါ်ကျင်မွေးတို့က ဂုဏ်ပြု အမှာစကားပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့အား တစ်ဦးချင်းဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ) (ဝဇ၇)**

INTERNATIONAL OPEN CHESS TOURNAMENT ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော INTERNATIONAL OPEN CHESS TOURNAMENT ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသည်။ *(အောက်ဝဲပုံ)*

ရှေးဦးစွာ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Leong Chee Weng Ignatius က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Leong Chee Weng Ignatius နှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ပြိုင်ပွဲ၏ ပထမဦးဆုံး ရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပထမနေ့ပြိုင်ပွဲကို စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ စစ်တုရင်အားကစားသမား ၇၃ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် International Open Chess Tournament ပြိုင်ပွဲ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နာယက ဦးခင်မောင်ဟန် (ဥက္ကဋ္ဌ Future Co., Group) က ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲသုံး စစ်တုရင်ကစားခုံနှင့် အရုပ်အစုံ ၁၀၀ အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၀၀၊ ဒေါက်တာအောင်သန်းထွန်းက တစ်လုံးလျှင် ငွေကျပ် ၁၂၅၀၀၀ တန်ဖိုးရှိ ပြိုင်ပွဲသုံး နာရီအလုံး ၂၀ အတွက် ငွေကျပ် ၂၅ သိန်း၊ စစ်တုရင်အဖွဲ့ချုပ်နာယက ဦးဝင်းအောင် (ဥက္ကဋ္ဌ M.G.W ဆောက်လုပ်ရေး) က ပြိုင်ပွဲသုံးနာရီ ၁၂ လုံးအတွက် ငွေကျပ် ၁၅ သိန်း၊ ဦးလှဦးထွန်း (M.D ရွှေနီဦးဆောက်လုပ်ရေး)က ပြိုင်ပွဲသုံး နာရီနှစ်လုံးအတွက် ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးဇော်မြင့်က ပြိုင်ပွဲသုံး နာရီနှစ်လုံးအတွက် ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဦးခင်မောင်ဇော် (နယ်သစ်ဦးရုပ်ရှင်ထုတ်လုပ်ရေး)နှင့် ဦးစိုင်းအောင်ကြီး (VITACO COSMATICS) တို့က ပြိုင်ပွဲသုံး နာရီတစ်လုံးစီအတွက် ငွေကျပ် ၁၂၅၀၀၀ စီ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

**** ကျောဖုံးမှ***

အားကစားသမားတွေကို အုပ်ချုပ်သူ တစ်ဦး၊ နည်းပြသုံးဦး၊ လက်ထောက်နည်းပြသုံးဦးနဲ့ လေ့ကျင့်ပါတယ်” ဟု ရှင်းပြသည်။

ဆက်လက်၍ လေ့ကျင့်ချိန်နှင့် ပတ်သက်၍ မေးမြန်းရာ “ကျွန်တော်တို့ လေ့ကျင့်ချိန် နှစ်ချိန်ရှိပါတယ်။ နံနက် ၇ နာရီမှ ၁၀ နာရီ၊ ညနေ ၃ နာရီမှ ၆ နာရီအထိဖြစ်ပြီး ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်းဆိုင်ရာနဲ့ ပြိုင်ပွဲဝင်ပုံစံတွေကို လေ့ကျင့်ပါတယ်” ဟု ရှင်းပြသည်။

ပြည်ပပြိုင်ပွဲ

ထို့နောက် အတွင်းရေးမှူးက “စခန်းသွင်း အားကစားသမားတွေကို ရွေးချယ်ပြီး ပြည်ပပြိုင်ပွဲတစ်ပွဲဖြစ်တဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမယ့် World Cup ပြိုင်ပွဲမှာ အမျိုးသားအားကစားသမား ငါးဦး၊ အမျိုးသမီးငါးဦး သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်” ဟု ရှင်းပြသည်။

ယခုအခါ (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားသမားများကလည်း နိုင်ငံအတွက် ရွှေတံဆိပ်များရယူပေးနိုင်ရေး စခန်းဝင် လေ့ကျင့်လျက်ရှိသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း တွေ့မြင်လေ့လာရသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

“လေ့ကျင့်မှုတွေကိုအပိုင်းလိုက်ခွဲခြားပါတယ်။” ဦးကျော်ဇင်မိုး အတွင်းရေးမှူး

အားကစားသင်တန်းသားသစ်များထပ်မံရွေးချယ်သွားမည်

ရန်ကုန် ဇူလိုင် ၆

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကို ဇွန်လမှစတင်၍ ဖွင့်လှစ်ခဲ့ပြီး အားကစားနည်း ၁၄ နည်းတွင် သင်တန်းသား ၅၀၈ ဦးအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အပြင် ဇူလိုင်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အရည်အသွေးပြည့်မီသော သင်တန်းသားသစ်များ ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ပုလောမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဇွန် ၂၀ ရက်က ပုလောမြို့ အမှတ်(၁)ရပ်ကွက် အမက (၄)ကျောင်းစာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာဈေးအတွင်း ခြင်ဆေးဖျန်းခြင်းကို ဇွန် ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်အဖွဲ့ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင်သာယာဈေးကြီးတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ဇွန် ၆ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေဖြူမြို့ပေါ် ရပ်ကွက်လေးရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးလုပ်ငန်းကို ဇွန် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပုညာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဇွန် ၂၀ ရက်က အထက (၃) ကျောင်းစာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေဝတီတိုင်းဒေသကြီး၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပုသိမ်-ချောင်းသာ-ငွေဆောင်ကားလမ်း ပုသိမ်ကြိုးတံတား အနီးရှိ ကွန်ပျူတာတက္ကသိုလ်အဝင်လမ်း၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ရတနာတန်းဝင်ကျွန်း ပျိုးပင်ကို စိုက်ပျိုးပေးသည်။ **(ဝဲပုံ)**

စိုက်ပျိုးပေး

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီး များ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ တို့က ကျွန်းပျိုးပင် ၃၃၀၊ ပျဉ်းကတိုးပျိုးပင် ၄၅၀၊ မဟော်ဂနီပျိုးပင် ၄၅၀ နှင့် ပိတောက် ပျိုးပင် ၁၂၀ စုစုပေါင်း ပျိုးပင် ၁၃၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်ကျွန်းလက်ဖွေ့ကလပ်သို့ အလှူငွေကျပ် ၂၄သိန်းပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၅ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ငွေကျပ် ၁၀သိန်း၊ နယူးဒေးစက်သုံးဆီအရောင်းဆိုင်(ပုသိမ်)က ငွေကျပ် ၁၀သိန်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးညွှန့်လွင်၊ ဦးထွန်းထွန်းဦး၊ ဦးခင်မောင်ဝင်းနှင့် ဦးတင်မင်းအောင်တို့က ငွေကျပ်လေးသိန်း စုစုပေါင်းငွေကျပ် ၂၄သိန်းအား အလှူရှင်များကိုယ်စား ဦးဝင်းမြင့် နယူးဒေးစက်သုံးဆီအရောင်းဆိုင်(ပုသိမ်)က လှူဒါန်းသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် လက်ခံစဉ်။ (၀၆၅)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်ထိုင်းနိုင်ငံ Thai Chamber of Commerce(TCC) and the Board of Trade of Thailand (BOT) မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့တို့အကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ကျင်းပရာ ဆွေးနွေးပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ Office of SMEs Promotion မှ Deputy Director General, Dr. Wimonkarn Kosumas နှင့် Thai Chamber of Commerce မှ Vice-Chairman, Mr. Pornsil Patchrintanakul တို့က မိတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် မြန်မာ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များအကြား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးတို့ကို ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ကျောက်မဲ၌ ဟောပြော

ကျောက်မဲ ဇူလိုင် ၆

ကျောက်မဲမြို့နယ်အတွင်း ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာ ပေးဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မိုးဝင်းက ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအကြောင်း ဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင် သက်ဦးက သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောအသားများ ရောင်းချရေး ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ကျောင်းကုန်းမြို့နယ် စစ်ကိုင်းဒေါင့်ကျေးရွာနှင့် သက်ရင်းကုန်း ကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်း၌ကျင်းပရာ မြို့နယ်အမျိုးသမီး ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စုစုပေါင်း ၇၀၀ကျော်ကို စိုက်ပျိုးကြစဉ်။ (၀၉၁)

မြန်မာ့အလင်း စာအုပ်စင် ၆-၇-၂၀၁၁

ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ သဘင်အနုပညာသမားစဉ် စာအုပ်ထွက်ရှိ

ရုပ်သေး၊ ဇာတ်၊ ပြဇာတ်၊ အငြိမ့်နှင့်ရာမာယဏဇာတ်တော်ကြီးတို့သည် မြန်မာလူမျိုးတို့၏ အနှစ်သက်ဆုံး ဖျော်ဖြေမှုများပင်ဖြစ်ရာ မြန်မာပြည်အနှံ့ တောရော မြို့ပါနေထိုင်ကြသော လူများစုကိုဆွဲဆောင်နိုင်သည်မှာလည်း ရုပ်သေး၊ ဇာတ်၊ ပြဇာတ်၊ အငြိမ့်နှင့် ရာမာယဏဇာတ်တို့ပင်ဖြစ်သည်။ ထိုသဘင်အနုပညာတို့၏တင်ဆက်မှု အစဉ် အလာကို ယနေ့အချိန်အခါ၌ အချို့သဘင်ပညာသည်တို့ မေ့လျော့နေပြီဖြစ်ရာ စာပြုသူက သဘင်အနုပညာသမားစဉ်သည် ဤသို့ရှိခဲ့ပါသည်ဟု ကျမ်းကိုး အထောက်အထားများဖြင့် ပြုစုတင်ပြထားသည့် စာအုပ်ဖြစ်သည်။ သဘင် အနုပညာရှင်များ၊ မြန်မာ့ယဉ်ကျေးမှုကိုလေ့လာသူများ ဖတ်ရှုမှတ်သားသင့်သည့် စာအုပ်ဖြစ်ပြီး လာဘ်မိုးဆွေစာပေ အမှတ် ၁၁၁ (ပ)ထပ် ၃၃လမ်း (လယ်)တွင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မောင်မြင့်ကြွယ်၏ စိတ်တွက်သင်္ချာ စာအုပ်ထွက်ရှိ

ကမ္ဘာကျော်မျက်လှည့်ဆရာကြီး ဟူဒီနီကဲ့သို့ သင်သည်လည်း ကိန်းဂဏန်းများကို စက္ကူနှင့် ဘောလ်ပင်၊ ခဲတံမသုံးဘဲ၊ Calculator မကိုင်ဘဲ စိတ်သက်သက်ဖြင့် အံ့သြစရာကောင်းလောက်အောင် လျင်မြန်စွာတွက်ချက်နိုင်သူ၊ သင်္ချာပါရမီရှင် ဖြစ်လာနိုင်သည်ဖြစ်ရာ ဤစာအုပ်ပါ စိတ်တွက် တွက်နည်းများကို ကျွမ်းကျင်စွာ တတ်မြောက်ရေးအတွက် ဝယ်ယူဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ ၂၃၇ ပထမထပ် ၃၉ လမ်း(အထက်)ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၇၃၀-၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃ တို့ထံသို့ ဆက်သွယ်နိုင်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၄)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ ယင်းရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသ ဌာနခွဲများနှင့် ဂိတ်များ၌ရရှိနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေးအတွက် ပေါက်ခေါင်းမြို့ အမှတ် (၅)ရပ်ကွက်နှင့် ဈေးရှေ့ရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၃၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၆

ဖန်မီးအိမ်စာကြည့်တိုက် ဇလွန်မြို့၌ဖွင့်

ဇလွန်မြို့နယ် သဖန်းကုန်းကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာ ဖန်မီးအိမ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၄ ရက်က အဆိုပါစာကြည့် တိုက်၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(ယာပုံ)***

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းရှိန်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်အကြောင်းနှင့် စာဖတ်ရခြင်းအကျိုးကျေးဇူး အကြောင်းဟောပြော၍ ဇလွန်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ထွန်းဖောင်ဒေး ရှင်းမှ ဦးကျော်စိုးဝင်းတို့က စာကြည့်တိုက်ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်း ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍အလှူရှင်များက သုတ၊ ရသ စာအုပ်စာစောင် ၁၀၀၀ ကျော် ပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ညွန့်က လက်ခံယူသည်။

စာကြည့်တိုက်မှာ တစ်ထပ်တိုက်အမျိုးအစားဖြစ်ပြီး အလျား ၃၃ပေ၊ အနံ ၁၈ပေနှင့် အမြင့် ၁၂ပေ ရှိကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပိုက်ကျော်ခြင်းအားကစားသမားများ အရှေ့တောင်အာရှပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၆

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားသမားများ စခန်းဝင်လေ့ကျင့်လျက်ရှိရာ ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်သို့ စာရေးသူ ရောက်ရှိခဲ့သည်။

အားရစရာ

လေ့ကျင့်ရေးရုံသို့ ဝင်လိုက်သည်နှင့် နည်းပြများက ပိုက်ကျော်ခြင်း အားကစားသမားများကို နည်းစနစ်ကျကျ လေ့ကျင့်ပေးနေမှုကို အားရစရာမြင်တွေ့ရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးကျော်ဇင်မိုးအား စခန်းသွင်း လေ့ကျင့်နေမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ "၂၀၁၀ ခုနှစ် ဇန်နဝါရီလပိုင်းက စတင်ပြီး လေ့ကျင့်မှုတွေကို အပိုင်းလိုက် ခွဲခြားပြုလုပ်ခဲ့ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ ကာလခွဲခြား လေ့ကျင့်ပေးခဲ့ပါတယ်။ ပထမကာလကို ကြံ့ခိုင်မှု ၇၅ ရာခိုင်နှုန်းနဲ့ ကျွမ်းကျင်မှု ၂၅ ရာခိုင်နှုန်း၊ ဒုတိယကာလမှာ ၅၀ ရာခိုင်နှုန်းစီနဲ့ တတိယကာလ နောက်ပိုင်း ရောက်လာရင် ကျွမ်းကျင်မှု ၇၅ ရာခိုင်နှုန်းနဲ့ ကြံ့ခိုင်မှု ၂၅ ရာခိုင်နှုန်း ထားရှိ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ စတင်စခန်းသွင်းချိန်မှာ အားကစားသမား ၅၀ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပိုက်ကျော်ခြင်းအားကစားသမားများ စခန်းဝင်လေ့ကျင့်နေကြစဉ်။

မှတ်သားဖွယ် မိုးရေချိန်

၆-၇-၂၀၁၁

ပူတာအိုမြို့	၂ ဒသမ ၀၉ လက်မ
ခရမ်းမြို့	၀ ဒသမ ၉၈ လက်မ
မှော်ဘီမြို့	၀ ဒသမ ၉၁ လက်မ
ပုသိမ်မြို့	၀ ဒသမ ၉၁ လက်မ
မာန်အောင်မြို့	၀ ဒသမ ၈၃ လက်မ
စစ်တွေမြို့	၀ ဒသမ ၇၈ လက်မ
ဥမြို့	၀ ဒသမ ၇၈ လက်မ
နမ့်စန်မြို့	၀ ဒသမ ၇၄ လက်မ
ချောင်းဆုံမြို့	၀ ဒသမ ၇၄ လက်မ

မုတ်သုံလေအားနည်းပြီး နိုင်ငံတစ်ဝန်း မိုးလျော့နည်းမည်

နေပြည်တော် ဇူလိုင် ၆

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေပြီး တစ်ပြည်လုံး၌ အများအားဖြင့် မိုးလျော့နည်းနေသည်။ ယင်းကဲ့သို့ မိုးလျော့နည်းမည့် အခြေအနေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအထိ ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

7-7 (20).pmd 1 7/7/2011, 3:31 AM